# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၆၅)

## နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ လာအိုဝန်ကြီးချုပ်နှင့်ဇနီး ချစ်ကြည်ရေးလာရောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်နှင့်ဇနီး မဒမ်ခမ်းမူယန် ဗိုရာချစ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနှင့်ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန် ထိပ်သီးအစည်းအဝေးများတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၃၀ရက် နံနက် ၈ နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao International Trade Exhibition & Convention Center အခန်းအမှတ် B-2၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■




**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုသမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Lao International Trade Exhibition & Convention Center ၌ ကျင်းပသည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလို ဘန်းဘန်းယူဒိုယိုနို၊ 

*စာမျက်နှာ ၅ ကော်လံ ၅* ●

## ပိတ်ဆို့အရေးယူမှု ဒီမိုကရေစီနဲ့ ပိုမိုအလှမ်းဝေးစေ

မြန်မာနိုင်ငံတွင် တပ်မတော် အစိုးရဆင်နွှဲနေတဲ့ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးအပေါ်ပျက်စီးရာ ပျက်စီးကြောင်း ပိတ်ဆို့အရေးယူမှုများဟာ မြန်မာပြည်သူတွေကို ဒီမိုကရေစီနဲ့ ပိုမိုအလှမ်းဝေးစေတဲ့ ဒုက္ခတွင်းသို့ တွန်းပို့နေခြင်းသာဖြစ်ပါတယ်။ အဲဒီလို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေရဲ့ ပိတ်ဆို့အရေးယူမှုများအပေါ် ဝမ်းသာအားရအားပေးထောက်ခံနေတဲ့ အစိုးရဆန့်ကျင်ရေး ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများဟာလဲ ဒီမိုကရေစီရေးအဖျက်သမားများသာ ဖြစ်ပါတယ်။

(အောင်မိုးစံ၏ဆောင်းပါး (စာ-၁၀))

**နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

# ပြည်သူတစ်ဦးချင်းနှင့် နိုင်ငံ့ဝင်ငွေတိုးပွားစေရေး ကုန်ထုတ်လုပ်ငန်းများ အားကြိုးမာန်တက်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ဖြစ်ပေါ်တိုးတက်လျက်ရှိသည်။ ထိုဖြစ်ပေါ်တိုးတက်မှုများကို အခြေခံ၍ နိုင်ငံသားတိုင်းသည် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းစေရန်၊ စီးပွားရေးဖွံ့ဖြိုးတောင့်တင်းစေရန်၊ ဒေသအလိုက် ဒေသဝမ်းစာဖူလုံစေရန်၊ အမယ်သစ် (အမည်သစ်) ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ဘက်စုံကုန်ထုတ်လုပ်မှုတိုးတက်စေရန် အလေးထားဆောင်ရွက်ကြရန်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေ၊မြေ၊ရာသီဥတု၊သယံဇာတအခြေခံကောင်းမွန်သောဒေသဖြစ်သည်။ ထို့ကြောင့် အဆိုပါရေ၊မြေ၊သယံဇာတကို အားပြု၍ ဆန်စပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန်သာမက ဖြစ်ထွန်းနိုင်သည့် ငရုတ်ကောင်းနှင့် ရော်ဘာပင်များကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးပြီး ဝင်ငွေတိုးပွားအောင် ကြိုးစားကြရမည်ဖြစ်သည်။ ယင်းသို့ကြိုးစားမှသာ ပြည်သူတစ်ဦးချင်းဝင်ငွေသာမက နိုင်ငံ့ဝင်ငွေပါ တိုးပွားလာမည်ဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ ရခိုင်ပြည်နယ် စစ်တွေ၊ကျောက်တော်၊အမ်း၊ ကျောက်ဖြူနှင့်သံတွဲမြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းပေးပြီး လမ်းညွှန်မှာကြားခဲ့ရာ ဒီဇင်ဘာလ ၁ ရက်နေ့ ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမသို့ ရောက်ရှိစဉ် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားရာ၌-

**"နိုင်ငံတော်၏ဝင်ငွေမှာလည်း ပြည်သူလူထုထံမှရရှိသော အခွန်အခရငွေများပင်ဖြစ်ရာ ပြည်သူများ၏ စီးပွားရေးအခြေအနေတိုးတက်ကောင်းမွန်မှသာ အခွန်အခဝင်ငွေများ ပိုမိုရရှိမှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအပိုင်းကလည်း စီးပွားရေးဖွံ့ဖြိုးအောင် ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ ကြံစည်ကြိုးစားအားထုတ်ကြရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသည် စီးပွားရေးအရ တောင့်တင်းခိုင်မာပြီး ပြည်သူတစ်ဦးချင်းဝင်ငွေ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏စီးပွားရေးအခြေအနေမှာလည်း မြင့်မားသည်ထက်မြင့်မား တိုးတက်လာမှာဖြစ်ကြောင်း"**

မိန့်ကြားသွားသည်။

ယနေ့ကာလတွင် နိုင်ငံတော်၏စီးပွားရေးနှင့် ပြည်သူတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်စေရန်အတွက် နိုင်ငံ၏ ရေ၊ မြေ၊ သယံဇာတ အခြေခံကောင်းများကို ထိထိရောက်ရောက်အသုံးချပြီး နိုင်ငံတော်နှင့် ပြည်သူလက်တွဲ၍ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် နိုင်ငံတော်ကဆောင်ရွက်ပေးလျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအနက် အမ်းမြို့ သောက်သုံးရေ ဖူလုံစွာရရှိရေး၊ အမ်းမြို့ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ရည်ရွယ်၍ အမ်းမြို့အောက်ရွာအနီးတွင် ဟင်းရွက်ရေလှောင်တမံကို တည်ဆောက်ပေးထားသည်။

ရခိုင်ပြည်နယ်အတွင်း သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် စီမံကိန်းဝင်တံတားကြီးများနှင့် ရန်ကုန်-ကျောက်ဖြူလမ်း၊ ရန်ကုန်-စစ်တွေလမ်း၊ ကျောက်ဖြူ-မအီလမ်း၊ မအီ-တောင်ကုတ်လမ်းစသည့် တံတားနှင့်လမ်းများကို လက်ယှက်ထိုးတည်ဆောက်ပေးလျက်ရှိသည်။

ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိုးစပါး၊ နွေစပါး၊ သီးနှံအမယ်သစ်(အမည်သစ်) ငရုတ်ကောင်း၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ငါး၊ပုစွန်နှင့် တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးနှင့် တင်ပို့ရောင်းချရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် လျှပ်စစ်ဓာတ်အား ၁၅မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ သံတွဲဒေသနှင့် ငပလီကမ်းခြေဟိုတယ်လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ဦးစားပေးတည်ဆောက်သွားမည့် သံတွဲမြို့အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာတွင် မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်းရှိသည့် သူငွေချောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်စွမ်းရှိသည့် သံတွဲချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ၂၈ မဂ္ဂါဝပ် စက်တပ်ဆင်အင်အားရှိသည့် ကျိန္တလိရေအားလျှပ်စစ်စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေသာမက နိုင်ငံ့ဝင်ငွေတိုးပွားလာစေရန် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်လက်တွဲ၍ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်စည်စီးဆင်းမှုကောင်းမွန်ရေး ဂျပန်နှင့် ဖိလစ်ပိုင်တို့ သဘောတူညီမှုရရှိ

မနီလာ ဒီဇင်ဘာ ၂

**ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် စီးပွားဖက်နိုင်ငံများအဖြစ် သဘောတူညီမှုရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးလည်း တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကါပါဂလ်အာရိုယိုက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။**

ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်စည်စီးဆင်းမှု တိုးတက်ကောင်းမွန်စေရန်လည်း သဘောတူညီမှုရရှိခဲ့ကြောင်း သမ္မတ အာရိုယိုက ပြောကြားသည်။

### အရေးကြီးအဆင့်

ထို့ပြင် ယင်းသဘောတူညီမှုသည် ဖိလစ်ပိုင်နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့် ကုန်သွယ်မှုဟန်ချက်ညီညီဖြစ်စေရေးအတွက် အရေးကြီးသော အဆင့်တစ်ရပ်လည်းဖြစ်ကြောင်း လာအိုနိုင်ငံတွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ထိပ်သီးအစည်းအဝေးအတွင်း ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိနှင့် တွေ့ဆုံဆွေးနွေးစဉ် သမ္မတ အာရိုယိုက ပြောကြားခဲ့သည်ဟု ဖိလစ်ပိုင်သမ္မတအိမ်တော်မှ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

### ဆွေးနွေးသုံးသပ်

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု၊ သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၊ စွမ်းအင်နှင့် ဖွံ့ဖြိုးတိုးတက်မှု၊ သိပ္ပံနှင့် နည်းပညာ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စသည့် ကဏ္ဍကိုးမျိုးတွင်လည်း သေချာစွာ ဆွေးနွေးသုံးသပ်ခဲ့ကြကြောင်း အာရိုယိုက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## နိုင်ငံတကာ သတင်းများ

## လမ်းဖြတ်ကူးသော မျက်မမြင်များ လမ်းဖြတ်ကူးရန် အထောက်အကူပြုကိရိယာတီထွင်နိုင်

တိုကျို ဒီဇင်ဘာ ၂

**လမ်းဖြတ်ကူးသည့်နေရာရှိ မျဉ်းဖြူကျားများနှင့် အချက်ပြမီးကို သိရှိနိုင်သော အဆင့်မြင့်ကိရိယာဖြစ်သည့် သေးငယ်သောကင်မရာကို တပ်ဆင်ခြင်းဖြင့် လမ်းဖြတ်ကူးသော မျက်စိမမြင်သူတစ်ဦးသည် လမ်းကို ဘေးအန္တရာယ်ကင်းစွာ ဖြတ်ကူးနိုင်ကြောင်း သုတေသီများက ပြောဆိုကြသည်။**

**ကျိုတိုနည်းပညာတက္ကသိုလ်က တီထွင်ထုတ်လုပ်သော ယင်းအီလက်ထရွန်နစ်မျက်လုံးသည် မျက်စိမမြင်သူများ လမ်းလျှောက်တုတ် သို့မဟုတ် လမ်းပြခွေး အကူအညီမလိုဘဲ လမ်းလျှောက်ရာတွင် အထောက်အကူရကာ လူကူး မျဉ်းကျားကိုပင်သိရှိပြီး လမ်းအကျယ်ကို အဆုံးအဖြတ်ပေးနိုင်သည့်ပြင် လူကူးလမ်းအချက်ပြ၏ အရောင်ကိုလည်း ခွဲခြားသိမြင်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရသည်ဟု ဒါယိုရှီရှိအိုယာမာနှင့် မိုဟာမက်ရှိရစ်ဖ်အူဒင်တို့က ပြောကြားသည်။** (အင်တာနက်)

## အင်ဒိုနီးရှားကယ်ဆယ်ရေးအဖွဲ့ လေယာဉ်မှတ်တမ်းကိရိယာတွေ့ရှိ

**ဆိုလို(အင်ဒိုနီးရှား) ဒီဇင်ဘာ ၂**

အင်ဒိုနီးရှား ကယ်ဆယ်ရေးအဖွဲ့သည် စောစောပိုင်း နာရီ ၂၀ က ပျက်ကျခဲ့သည့် ခရီးသည်တင် လေယာဉ်တစ်စင်း၏ ပျံသန်းမှုမှတ်တမ်း ကိရိယာကို ဗုဒ္ဓဟူးနေ့က ရှာဖွေတွေ့ရှိခဲ့သည်။

အမေရိကန်လုပ် အမ်ဒီ-၈၂ လေယာဉ်၏ ဘလက်ဘောက်စ်ဟု လူသိများသော အသံမှတ်တမ်းကိရိယာကို လေဆိပ်ရှိ အရေးပေါ်ဆောင်ရွက်ရေး ဌာန၏အခန်း၌ သိမ်းဆည်းထားခဲ့သည်။

အဆိုပါလေယာဉ်သည် ဂျာဗားအလယ်ပိုင်း ဆိုလိုမြို့ရှိ အဒီဆူမာမိ လေဆိပ်တွင်မိုးရွာသွန်းမှုကြောင့်ချောနေသည့်ပြေးလမ်းပေါ်၌ ဘီးချော်ပြီးနောက် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ယင်းမတော်တဆမှုကြောင့် လူ ၂၆ ဦး သေဆုံးကြောင်း တရားဝင်ကိန်းဂဏန်းများက ဖော်ပြသည်။ **အမ်အင်အေ၊အင်ဟွာ**

## တရုတ်-အီဂျစ်ဆက်ဆံရေး အလွန်အရေးပါ

**ကိုင်ရို ဒီဇင်ဘာ ၂**

တရုတ်နှင့် အီဂျစ်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး အလွန်အရေးပါကြောင်း အီဂျစ်ဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး ဝူဆိုက်က ကိုင်ရိုမြို့၌ ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

တရုတ်နှင့် အီဂျစ်နိုင်ငံတို့အကြား မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေး ဖွံ့ဖြိုးခိုင်မာစေရန်မှာ တရုတ်အစိုးရ၏ ရေရှည်တည်တံ့သော မူဝါဒတစ်ရပ်ဖြစ်ကြောင်း တရုတ်သံရုံး၌ ကျင်းပသည့် ညှိနှိုင်းပွဲတစ်ခု၌ မစ္စတာဝူက ပြောကြားသည်။

### တိုးတက်

မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးကို တရုတ်နှင့် အီဂျစ်နိုင်ငံတို့ စတင်ခဲ့ချိန်မှစပြီး မှန်မှန်တိုးတက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တရုတ် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဘိုစီလိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးနယ်ပယ်တွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းစေရန် ကိုင်ရိုသို့ စနေနေ့တွင် ရောက်ရှိမည်ဖြစ်သည်။

ယခုနှစ်၏ ပထမကိုးလအတွင်း တရုတ်နှင့် အီဂျစ်အပြန်အလှန် ကုန်သွယ်မှုသည် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်ရှိရာ လွန်ခဲ့သည့်နှစ် အလားတူကာလထက် ၅၁ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၄-၁၂-၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၆။ | ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဆရာတော် ဦးဃောသိတ တရားတော် "ဣန္ဒြေငါးပါး အင်အားညီမှ" |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ချစ်သူစုံတွဲ တူယှဉ်နွဲ |
| ၄း၂၅ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၀ | ၇။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၈။ | အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Study of Mediate Inference II (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ စိတ်ပညာ၊ အရှေ့တိုင်း) |
| ၅း၃၀ | ၉။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅း၄၅ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၅၀ | ၁၅။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သပွတ်အူပမာ" (အပိုင်း-၈) |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ | မြန်မာ့ရှုခင်း |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | English Premier League ဘောလုံးပွဲ Manchester United Vs Southampton |

# မိမိတို့ချမှတ်ထားသော Road Map အောင်မြင်အောင် ဆောင်ရွက်သွားမည်

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

# မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို အခြားပြည်ပနိုင်ငံများက ဝင်ရောက်စွက်ဖက်ခွင့်မရှိ

## ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာ

ရန်ကုန် ဒီဇင်ဘာ ၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် နိုဝင်ဘာ ၃၀ရက် ညနေ ၄နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Lao International Trade Exhibition & Convention Center ရှိ အခန်းအမှတ် (၃)၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာအား တွေ့ဆုံနှုတ်ဆက်သည်။**

### တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး မင်းသား ဟာဂျီမိုဟာမက် ဘိုလ်ကီးယားနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း ဒီမိုကရေစီ နိုင်ငံအဖြစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊

အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေလတွင် ပထမအကြိမ် ကျင်းပခဲ့ပြီး ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယအကြိမ် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါညီလာခံသို့ မြန်မာနိုင်ငံရှိ မြို့နယ်စုံ၊ တိုင်းရင်းသားလူမျိုးစုံ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် အလွှာစုံမှ ညီလာခံကိုယ်စားလှယ်ပေါင်း ၁၀၈၈ဦး တက်ရောက်လျက်ရှိကြောင်း၊

အမျိုးသားညီလာခံတွင် အရေးကြီးသည့် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းကို ယခုအခါ ဆွေးနွေးလျက်ရှိကြောင်း၊ ဆက်လက်၍ မိမိတို့ချမှတ်ထားသော Road Map အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ကိုယ်စား အဆွေတော်အား ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားသည်။

### ကောင်းမွန်သောအနာဂတ်

ထို့နောက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်က မြန်မာနိုင်ငံ၏အခြေအနေများကို ပြည့်စုံစွာရှင်းပြ၍ ကျေးဇူးတင်ကြောင်း၊ မြန်မာနိုင်ငံခေါင်းဆောင်များ အနေဖြင့် မြန်မာနိုင်ငံ၏ ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို အခြားပြည်ပနိုင်ငံများက ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန်ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် အဆင်ပြေသည့်အခါ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာတို့ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)**





**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၃၀ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ ထိုင်းအဆောင်၌ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့် တွေ့ဆုံဆွေးနွေးသည်။**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဆူရာကီယတ်ဆတ်သီရာထိုင်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝါတာနာမောင့်ဆော့ခ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### ရင်းနှီးခင်မင်စွာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးချုပ်နှစ်ဦးတို့သည် နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ကျောင်းကုန်းမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၂၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မိုးကောင်းမွှာရုံ ပရိယတ္တိစာသင်တိုက်ကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တတိလောက ဆရာတော်အား ပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေတိဂုံတောင်ဘက်မုခ် သစ်လုပ်ငန်းမွှာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသက် ၇၅နှစ်နှင့် အထက် အသင်းဝင်များ၏ အမည်နှင့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အတွင်း တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများ၏ အမည်စာရင်းကို အမှတ်စာရင်းနှင့်ပူးတွဲလျက် အသင်းတိုက် ၂၀၃၊ ၃၇လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၃၅၂၄၊ ဦးစောလွင် ဖုန်း–၅၃၆၈၂၇နှင့် ဦးမျိုးဟန် ဖုန်း–၅၇၀၄၇၉ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၄–၁၂–၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Island of Dhamma
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၀၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း–၄၉)
၁၄:၀၀ ၇။ ရွှေရောင်လွှမ်းခြုံမည့် မြန်မာ့မြားပစ်အားကစား
၁၄:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၃၀ ၉။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၁၄:၄၅ ၁၀။ International News
၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇:၁၅ ၆။ အကပဒေသာ
၁၇:၃၀ ၇။ မြင်းခြံစိန်ဗဒင်းဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၁၇:၄၅ ၈။ တေးဂီတအစီအစဉ်
၁၈:၀၀ ၉။ ဆင်ဖြူရှင်တံတား
၁၈:၁၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ Discovery
၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း–၃၇)
၁၉:၄၅ ၁၅။ ပညာပါရမီအလှူတော် နတ်လှူသာခုခေါ်
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"**(အပိုင်း–၂၂)
၂၀။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားသမ္မတအား တွေ့ဆုံနှုတ်ဆက် မြန်မာ-အင်ဒိုနီးရှား ညီရင်းအစ်ကိုဆက်ဆံမှုဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Villa Dongpasak ရှိ Friendship House ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလို ဘန်းဘန်း ယူဒိုယိုနိုအား တွေ့ဆုံနှုတ်ဆက်သည်။**

## တွေ့ဆုံပွဲတက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

## တိုးမြှင့်ရန်ဆန္ဒရှိ

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် မည်သည့် အစိုးရလက်ထက်တွင်မှ မဆောင်ရွက်နိုင်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိအောင် မိမိတို့ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် Road Map ချမှတ်ပြီး ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံ ကျင်းပလျက်ရှိရာ ယခုအခါ အလွန်သိမ်မွေ့သည့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းကို ဆွေးနွေးနေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် တူညီသော သမိုင်းကြောင်းများဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးကြသော နိုင်ငံများဖြစ်၍ မိတ်ဆွေရင်းချာ ဆက်ဆံရေးကို ဆက်လက် တိုးမြှင့်သွားရန် ဆန္ဒရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလို ဘန်းဘန်း ယူဒိုယိုနိုက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးနယ်ပယ် အသီးသီး၌ ဆက်လက် တိုးတက်ဖြစ်ထွန်းလိမ့်မည်ဟု မျှော်လင့်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

မိမိတို့နိုင်ငံ၏ အတွေ့အကြုံအရ နိုင်ငံစည်းလုံးညီညွတ်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို အဓိက ဦးစားပေး ဆောင်ရွက်ခဲ့ရကြောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးယခင်ကတည်းကပင် အစိုးရချင်း၊ ပြည်သူချင်း ရင်းနှီးချစ်ခင်ခဲ့ကြသည့် အစဉ်အလာရှိသည့် အားလျော်စွာ ဆက်လက်၍ နှစ်နိုင်ငံ ညီရင်းအစ်ကိုပမာ ဆက်ဆံပြီး အဘက်ဘက်မှ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလို ဘန်းဘန်း ယူဒိုယိုနိုတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center ၌ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ချစ်ကြည်ရင်းနှီးမှု အရှိန်မြှင့်တင်ရေး၊ ကုန်သွယ်မှုတိုးတက်ရေး စသည့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စများကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Villa Dongpasak ဝင်းအတွင်း၌ ပိတောက်ပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၃

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် ခေတ္တတည်းခိုသည့် Villa Dongpasak မှ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိသည်။**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီးဦးတင်ဦး၊ စစ်သံမှူးဗိုလ်မှူးကြီးလှမြင့်၊ သံရုံး စစ်သံရုံးဝန်ထမ်းများက ဂါရဝပြုနှုတ်ဆက်ကြသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး မစ္စတာ ဆွန်ဖုန်မွန်ကွန်ဗီလိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်နှင့်အဖွဲ့ဝင်များက လိုက်လှဲခင်မင်စွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

## ဂုဏ်ပြုပန်းစည်းပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် ၉ နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ နံနက်ပိုင်းတွင်ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယင်ကျန်းမြို့ Villa Dongpasak ဝင်းအတွင်း၌ ပိတောက်ပင်စိုက်ပျိုးပေး

ရန်ကုန် ဒီဇင်ဘာ ၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Villa Dongpasak ဝင်းအတွင်း၌ ပိတောက်ပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။**

ပိတောက်ပင်စိုက်ပျိုးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်နှင့် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မြေဩဇာသွန်းလောင်း

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပိတောက်ပင်ကိုစိုက်ပျိုးပေးပြီး မြေဩဇာနှင့်ရေတို့ကို ထည့်သွင်းသွန်းလောင်းပေးသည်။

အဆိုပါနေရာ၌ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံသို့ တက်ရောက်ကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် မိမိတို့၏ နိုင်ငံများသို့ ပြန်လည်မထွက်ခွာမီ သစ်ပင်များကို အမှတ်တရ စိုက်ပျိုးပေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ဥပဒေကျောင်းသားများ(၁၉၇၅-၁၉၈၀)အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန် တက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅မှ၁၉၈၀ အထိ ပညာသင်ကြားခဲ့ကြသော B.A (Law) L.L.B နောက်ဆုံး အပတ်စဉ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် Royal Garden Restaurant တွင် ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် အမည်၊လိပ်စာ၊ဖုန်း၊ လက်ရှိအလုပ်အကိုင်တို့ကို ကိုသိန်းဆိုင် ဖုန်း-၀၉-၅၀၀-၂၂၉၄(သမ္မတရပ်ရှင်ရုံ) နှင့် ကိုသိန်းထွန်း ဖုန်း-၀၉-၈၀-၂၃၇၇၈၊ ၇၀၄၉၁၁ တို့သို့ ဆက်သွယ်ပေးပို့ရန်နှင့် အလှူငွေများ ထည့်ဝင်ကြရန် နှိုးဆော်ထားသည်။

**(က-ပ)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယင်ကျန်းမြို့ မြန်မာသံရုံးဝန်ထမ်းများနှင့်မိသားစုများအားတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယ ဝန်ကြီး ဦးကျော်သူနှင့်တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နိုဝင်ဘာ ၃၀ရက် ညပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ရောက်ရှိရာ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး ဒေါ်သီတာဌေး၊ စစ်သံမှူးဗိုလ်မှူးကြီးလှမြင့်နှင့်ဇနီး ဒေါ်သိင်္ဂီစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများက ကြိုဆိုကြသည်။**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြုကန်တော့ကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာသံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား လိုအပ်သည်များ မှာကြားသည်။

**ညစာတည်ခင်းဧည့်ခံ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။ **(သတင်းစဉ်)**

## တည်ခင်းဧည့်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)





ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ သံရုံး စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြုကန်တော့ကြစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာ မာဂါပါဂလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်အိချိရိုကိုအိဇုမိ၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာနိုမူဟွန်၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်ဟားဝပ်၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စစ်ဟယ်လင်ကလပ်ခ်၊ မြန်မာနိုင်ငံအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အာဆီယံနိုင်ငံများနှင့်တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်**

ဂုဏ်ပြု နေ့လယ်စာ စားပွဲ မကျင်းပမီ Lao-ITECCအဆောက်အအုံ အခန်းအမှတ် B-2၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံ၊ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခန်းအမှတ် B-3 ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲကို ကျင်းပရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက နှုတ်ခွန်းဆက်စကားပြောကြားသည်။

**သုံးဆောင်**

ယင်းနောက် လာအိုနိုင်ငံသမ္မတနှင့်ဧည့်သည်တော် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ **(သတင်းစဉ်)**

# သံတွဲ–တောင်ကုတ်–မအီ–အမ်း မော်တော်ယာဉ်လိုင်းဖွင့်ပွဲ တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင်တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဒီဇင်ဘာ ၃

**ရခိုင်ပြည်နယ် သံတွဲ–တောင်ကုတ်–မအီ–အမ်း မော်တော်ယာဉ်လိုင်းဖွင့်ပွဲကို ဒီဇင်ဘာ၃ရက် နံနက်ပိုင်းက သံတွဲမြို့ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း၌ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးအောင်ကျော်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။**

**အမှာစကားပြောကြား**

အစီအစဉ်အရ ရှေးဦးစွာအခမ်းအနားကို ရခိုင်ရိုးရာစည်တော်ဖြင့် ဖွင့်လှစ်ပြီးတိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ယခုမော်တော်ယာဉ်လိုင်းဖွင့်လှစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် သံတွဲမြို့မှ ဒေသခံပြည်သူ ဦးသိန်းလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ်အလှူများ ပေးအပ်ကြသည်။

**စတင်ထွက်ခွာ**

ထို့နောက် တိုင်းမှူးသည် သံတွဲ–တောင်ကုတ်–မအီ–အမ်း မော်တော်ယာဉ်လိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် အဆိုပါ ယာဉ်လိုင်းတွင် ပြေးဆွဲမည့် မော်တော်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေး၍ မော်တော်ယာဉ်များစတင်ထွက်ခွာမှုကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

အလားတူ အမ်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် အမ်း–မအီ–တောင်ကုတ်–သံတွဲ မော်တော်ယာဉ်လိုင်းဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါ ယာဉ်ရပ်နားစခန်း၌ ကျင်းပရာ အခမ်းအနားကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်လှိုင်က ဖွင့်လှစ်ပေးပြီး မော်တော်ယာဉ်များစတင်ထွက်ခွာမှုကို ကြည့်ရှု အားပေးသည်။

ယခုဖွင့်လှစ်သော သံတွဲ–တောင်ကုတ်–မအီ–အမ်း မော်တော်ယာဉ်လိုင်းတွင် ဒိုင်နာ၊ ဟိုင်းလတ်ယာဉ် ၂၉စီး နေ့စဉ် အလှည့်ကျ ပြေးဆွဲမည်ဖြစ်၍ အမ်းမြို့ယာဉ်လိုင်းမှ ဒိုင်နာ၊ ဟိုင်းလတ်ယာဉ် ခြောက်စီး နေ့စဉ် ပြေးဆွဲမည်ဖြစ်ပြီး ခရီးလမ်းအရှည်မှာ ၁၃၁မိုင်ဖာလုံရှိကြောင်းသိရသည်။

**လွယ်ကူစွာသွားလာနိုင်**

ယင်းကဲ့သို့ မော်တော်ယာဉ်လိုင်းများ ဖွင့်လှစ်ပြေးဆွဲနိုင်ခြင်းကြောင့် ရခိုင်ပြည်နယ်(တောင်ပိုင်း)မြို့နယ်များဖြစ်သောသံတွဲ၊ တောင်ကုတ်၊ဂွ၊ ကျိန္တလီမြို့များနှင့် ရခိုင်ပြည်နယ်(မြောက်ပိုင်း)မြို့နယ်များဖြစ်သော အမ်း၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေမြို့သို့ အလွယ်တကူရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်သဖြင့် အမ်းမြို့နယ်မှ သံတွဲ၊ တောင်ကုတ်မြို့များမှတစ်ဆင့် မြန်မာနိုင်ငံဒေသ အနှံ့အပြားသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီးဦးကျော်သူအား တရုတ်နိုင်ငံခြားရေး ဒုတိယဝန်ကြီးတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေနှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံပြီးနောက် ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ ခေါင်းဆောင်၍ မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ယင်းတွေ့ဆုံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်သူက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား ဆိဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းအား တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေနှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေနှင့်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**"မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ–၂၀၀၄"**

**ကျင်းပမည့်နေ့ရက်** – ၁၈–၁၂–၂၀၀၄ မှ ၂၂–၁၂–၂၀၀၄

**ကျင်းပမည့်နေရာ** – ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ (မန်ဝိန်းကုန်ချကွင်း)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ**

**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေနှင့် အဖွဲ့အား ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေနှင့် အဖွဲ့အား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည် ဒုတိယဝန်ကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။ တွေ့ဆုံပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေအား ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄သို့တက်ရောက်ခဲ့ကြသောဝန်ကြီးများနှင့် သံအမတ်ကြီးတို့အားလက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပသည့် ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ``Secretary of State, Mr.Kuoch Ky၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Soulivong Daravong၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Pham Quang Khon နှင့် ၎င်းတို့၏အဖွဲ့ဝင်များအား ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ယင်းသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ဒီဇင်ဘာ ၃ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေနှင့် အဖွဲ့အား ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်း-ကျော်ဖုံး)
(သတင်းစဉ်)



# စစ်တွေဟိုတယ်လုပ်ငန်းနှင့်ရေနံသိုလှောင်ခန်း ဝန်ကြီးများကြည့်ရှုစစ်ဆေးမှာကြား

**ရန်ကုန် ဒီဇင်ဘာ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် နိုဝင်ဘာ ၂၉ရက် ညနေပိုင်းတွင် စစ်တွေဟိုတယ်သို့ သွားရောက်၍ ဟိုတယ်အခန်းများ သန့်ရှင်းသပ်ရပ်ရေး၊ ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံပြုစုရေးတို့ကို မှာကြားခဲ့ပြီး ဟိုတယ်ကမ်းစပ်သို့ လှည့်လည်နေသော ကမ္ဘာလှည့်ခရီးသည်များအား ရင်းနှီးစွာ မေးမြန်းနှုတ်ဆက်သည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည်လည်း နိုဝင်ဘာ ၂၉ရက် ညနေပိုင်းတွင် စစ်တွေမြို့ရှိ ရေနံသိုလှောင်စခန်းသို့ သွားရောက်၍ စက်မောင်းဆီမပြတ်လပ်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရှေ့ဖုံးမှ**

## တက်ရောက်

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလို ဘန်းဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဂလိုရီယာ မာဂါပါဂလ် အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်းလွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်အိချိရိုကိုအိဇုမိတို့ တက်ရောက်ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကျင်းပနေစဉ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးဦးကျော်သူ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊

*စာမျက်နှာ ၈ ကော်လံ ၁ သို့*




**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် သြစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်များ၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။**
(သတင်းစဉ်)




**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် သြစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်များ၏ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ သြစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
(သတင်းစဉ်)

# အာဆီယံ–အိန္ဒိယမော်တော်ကားပြိုင်ပွဲ(၂၀၀၄) ပြိုင်ပွဲဝင်ကားများ လာအိုနိုင်ငံသို့ရောက်ရှိခြင်းအတွက် ကြိုဆိုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

**ပထမအကြိမ် အာဆီယံ–အိန္ဒိယ မော်တော်ကားပြိုင်ပွဲ(၂၀၀၄)မှ ပြိုင်ပွဲဝင်ကားများ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ရောက်ရှိခြင်းအတွက် ကြိုဆိုခြင်းအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao International Trade Exhibition & Convention Center (Lao-ITECC) အဆောက်အအုံရှေ့၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ် ကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတမစ္စတာ ဆူဆီလိုဘန်းဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီ အဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာ မာဂါပါဂလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ အာဆီယံနိုင်ငံများနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကားမောင်းပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့က အမှာစကားပြောကြားကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong တို့က ပြိုင်ပွဲဝင်ကားများ ကြိုဆိုပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## ဂါရဝပြုနှုတ်ဆက်

ယင်းနောက် ပြိုင်ပွဲဝင်ယာဉ်မောင်းများက နိုင်ငံအလိုက် မိမိတို့၏ ဝန်ကြီးချုပ်များကို ဂါရဝပြုနှုတ်ဆက်ကြသည်။

## ဆက်လက်ထွက်ခွာ

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်တို့က ပြိုင်ပွဲဝင်ကားများ ဆက်လက်ထွက်ခွာနိုင်ရန် အလံငယ်များကို ဝှေ့ယမ်း၍ အချက်ပြလိုက်ရာ ပြိုင်ပွဲဝင်ကားများ Lao-ITECC အဆောက်အအုံရှေ့မှ ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပထမအကြိမ် အာဆီယံ–အိန္ဒိယမော်တော်ကားပြိုင်ပွဲ(၂၀၀၄)မှ ပြိုင်ပွဲဝင်ကားများ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ရောက်ရှိခြင်းအတွက် ကြိုဆိုခြင်းအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။**
(သတင်းစဉ်)






## အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့၏ ထိပ်သီးအစည်း အဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

အာဆီယံအတွင်းရေးမှူးချုပ် Mr. Ong Keng Yong နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ထိပ်သီးအစည်းအဝေးကို Lao-ITECC အဆောက်အအုံ အခန်းအမှတ် B-4 ၌ တက်ရောက်လေ့လာကြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတတို့၏ ထိပ်သီးအစည်းအဝေးကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် အခန်းအမှတ် B-2 ၌ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာနိုမူဟွန်တို့ တက်ရောက်ကြသည်။

### ကိုရီးယားသမ္မတနိုင်ငံနှင့်လက်မှတ်ရေးထိုး

ယင်းနောက် The Joint Declaration on Comprehensive Cooperation Partnership between ASEAN and ROK လက်မှတ်ရေးထိုးပွဲကို အခန်းအမှတ် B(Theatre-1) ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာနိုမူဟွန်တို့ တက်ရောက်၍ လက်မှတ်ရေးထိုးကြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲသို့ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးကို မွန်းလွဲ ၂နာရီခွဲတွင် အခန်းအမှတ် B-2 ၌ ကျင်းပသည်။



## အာဆီယံ – အိန္ဒိယ ထိပ်သီးအစည်းအဝေး

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)**

### ထိပ်သီးအစည်းအဝေးကျင်းပ

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ထိပ်သီးအစည်းအဝေးကိုကျင်းပသည်။

ထို့နောက် The ASEAN-India Partnership of Peace, Progress and Shared Prosperity ကို အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် အခန်းအမှတ် B (Theatre-1) ၌ တက်ရောက်၍ လက်မှတ်ရေးထိုးကြသည်။

### တက်ရောက်

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အာဆီယံနိုင်ငံများနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် သြစတြေးလျ၊ နယူးဇီလန် ဝန်ကြီးချုပ်များ၏ ထိပ်သီးအစည်းအဝေးကို ညနေ ၄နာရီ မိနစ် ၅၀တွင် အခန်းအမှတ် B-2 ၌ ကျင်းပသည်။

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် သြစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ထိပ်သီးအစည်းအဝေးကို ကျင်းပသည်။

### လက်မှတ်ရေးထိုး

ထို့နောက် The Joint Declaration of the Leaders at the ASEAN- Australia and Newzealand Commemorative Summit လက်မှတ်ရေးထိုးပွဲကို အခန်းအမှတ် B(Theatre-1) ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်ဟားဝပ်၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စစ်ဟယ်လင်ကလပ်ခ်တို့ တက်ရောက်လက်မှတ်ရေးထိုးကြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အာဆီယံနိုင်ငံများနှင့် သြစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




## မှတ်တမ်းတင် ဓာတ်ပုံရိုက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**(သတင်းစဉ်)**




## ထိပ်သီးအစည်းအဝေးတက်ရောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)




ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတတို့နှင့်အတူ **The Joint Declaration on Comprehensive Cooperation Partnership between ASEAN and ROK**ကို လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)




## လက်မှတ်ရေးထိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်တို့နှင့်အတူ **The ASEAN-India Partnership of Peace, Progress and Shared Prosperity** ကို လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)







# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနှင့် ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန် လက်မှတ်ရေးထိုးပွဲတက်ရောက်

# ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးရဲ့ အဖျက်အန္တရာယ်

အောင်မိုးစံ

ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ဘယ်နိုင်ငံမဆို ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ် ဆင်နွှဲရမြဲဖြစ်ပါတယ်။ အနောက်ဥရောပနိုင်ငံများနဲ့ အမေရိကန်နိုင်ငံတို့လဲ လူသားမျိုးဆက်အလိုက် ဆင်နွှဲထူထောင်လာခဲ့ရတာဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် ချက်ချင်းမထူထောင်နိုင်သလို ပုံတူလဲ မကူးနိုင်လို့ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးသမိုင်းကို ပြန်ကြည့်ရင် နှစ်ပေါင်း၉၄နှစ်ကြာမှသာ လူမည်းများ မဲဆန္ဒပေးခွင့် ရခဲ့တယ်။ အင်ဒီးယန်းလူနီများလဲ ၁၇၂နှစ်ကြာမှ မဲဆန္ဒပေးခွင့်ရခဲ့ပါတယ်။

တစ်ချိန်က အာဏာရှင်နိုင်ငံများဖြစ်ခဲ့ကြတဲ့ ဂျပန်နဲ့ ဂျာမနီ(အနောက်)တို့ ဒုတိယကမ္ဘာစစ်အပြီး ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းလာနိုင်တာဟာ နှစ်နိုင်ငံစလုံးမှာ စက်မှုအရင်းရှင်ခေတ်ကို စီးပွားရေးအရ ရောက်ရှိနေခဲ့ပြီဖြစ်လို့ လွယ်ကူမြန်ဆန်စေခဲ့ပါတယ်။

အနောက်ဥရောပမှ စစ်ဒဏ်သင့်နိုင်ငံတွေကို မာရှယ်စီမံကိန်းအကူအညီနဲ့ မြန်ဆန်စွာ နာလန်ထူစေနိုင်ခဲ့တာဟာလဲ အဲဒီကာလယကံရှင်နိုင်ငံတွေမှာ အရင်းရှင်လူ့အဖွဲ့အစည်းရဲ့ အင်္ဂါရပ်တွေဖြစ်တဲ့ အရင်းရှင်လူတန်းစား၊ ခေတ်မီအလုပ်သမားလူတန်းစားနဲ့ ပညာတတ်လူတန်းစားတွေ အသင့်ရှိနေလို့ ဖြစ်ပါတယ်။ အဲဒီလို မတူခြားနားတဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ကူးပြောင်းရေးသရုပ်မှန်တွေကို ခွဲခြားသိမြင်ဖို့ လိုအပ်ပါတယ်။ ဒါဟာ ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဥပဒေပြဋ္ဌာန်းပေးလိုက်ရုံနဲ့ မရနိုင်ဘဲ လူမှုစီးပွားရေးဘဝတွေ ပြည့်စုံရင့်မာလာဖို့ လိုတယ်ဆိုတဲ့ လူမှုသိပ္ပံတရားရဲ့ မှန်ကန်မှုပဲ ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ အရင်းရှင်နဲ့ ခေတ်မီအလုပ်သမားလူတန်းစားတွေ၊ အလယ်အလတ်လူတန်းစားတွေကို မွေးထုတ်နေရဆဲသာ ဖြစ်ပါတယ်။ အခုလို အရင်းရှင်လူတန်းစားတွေ ကြီးထွားမလာသေးတဲ့အတွက် အရင်းရှင်ဒီမိုကရေစီတော်လှန်ရေးကို အောင်မြင်စွာရှေ့ဆောင်ဆင်နွှဲသွားနိုင်တဲ့ အရင်းရှင်လူတန်းစားကိုယ်စားလှယ် ပါတီအဖွဲ့အစည်းများလဲ မရှိသေးပါ။ ဒါကြောင့် ဒီကနေ့ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးကို အစဉ်အလာကြီးမားပြီး အင်အားအကောင်းဆုံးနဲ့ စည်းကမ်းအရှိဆုံးသော အမျိုးသားတပ်မတော် (တပ်မတော်အစိုးရ)က ရှေ့ဆောင်ဆင်နွှဲနေရတာ ဖြစ်ပါတယ်။ လက်ရှိနိုင်ငံရေးပါတီအဖွဲ့အစည်းများအနေနဲ့ တပ်မတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့သာ ဖြစ်ပါတယ်။

တော်လှန်ရေး (Revolution)ဆိုတာ လူ့အဖွဲ့အစည်းကို တိုးတက်သောဘက်သို့ စနစ်တကျပြောင်းလဲပစ်ခြင်းဖြစ်တယ်လို့ လူမှုသိပ္ပံပညာရှင်တို့က ဆိုပါတယ်။ မှန်ပါတယ်၊ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဆုတ်ယုတ်ပျက်ပြားအောင်လုပ်တာဟာ တော်လှန်ရေးရဲ့ အဖျက်ပိုင်းသာ ဖြစ်တယ်။ Vandalism ခေါ်တဲ့ တိုးတက်သောအရာမှန်သမျှကို ဖျက်ဆီးပစ်တဲ့ ခေတ်ဟောင်းအမှောင်ဝါဒသာဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတွင် တည်ဆဲတပ်မတော်အစိုးရဟာလဲ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ စတင်ထမ်းဆောင်လာခဲ့တဲ့ အချိန်ကစပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ဦးတည်ချက်(၁၂)ရပ် ချမှတ်အကောင်အထည်ဖော်လာခဲ့တာ အားလုံးအမြင်၊ အသိပဲဖြစ်ပါတယ်။

**အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစား၊ အလယ်အလတ်လူတန်းစားနဲ့ ပညာရှင်များ ပေါ်ထွန်းရေး၊ အမျိုး ဘာသာ သာသနာ ဖွံ့ဖြိုးစည်ပင်ရေး စတာတွေကို စဉ်ဆက်မပြတ် မနေမနားကြိုးပမ်းလာခဲ့ပါတယ်။ ဒီကြိုးပမ်းမှုရဲ့ အကျိုးထူးများအဖြစ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေဟာ ဘယ်ခေတ် ဘယ်အခါနဲ့မှ မတူအောင် ပြောင်းလဲတိုးတက် လာခဲ့ပါတယ်။**

အထူးသဖြင့် အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်လှုပ်ရှားလာခဲ့ကြတဲ့ တိုင်းရင်းသားတောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ပါပြီ။ ကျန်အဖွဲ့အစည်းများကိုလဲ ဖိတ်ခေါ်ဆွေးနွေးဆဲဖြစ်ပါတယ်။ ဒီကနေ့မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေပါပြီ။ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပပြီး ပထမပိုင်းကို အောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်ပါတယ်။

အခုလို ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးတာဝန်ကို မပျက်မကွက်ကျေပွန်စွာထမ်းဆောင်နေတဲ့ တပ်မတော်အစိုးရအပေါ် အစဉ်တစိုက်ဆန့်ကျင်လာခဲ့တဲ့ ပြည်ပသြဇာခံ အဆိုးမြင်ဝါဒီများဟာ နိုင်ငံထူထောင်ရေးလုပ်ငန်းတွေမှာ ဘာတစ်ခုမျှ ပါဝင်ဆောင်ရွက်မှုမရှိခဲ့ဘူးဆိုတာကို မြန်မာသိ၊ ကမ္ဘာသိပင်ဖြစ်ပါတယ်။ ဒီအင်အားစုတွေရဲ့ လုပ်ရပ်များကတော့ ပြည်တွင်းဆူပူမှုဖြစ်အောင် ဖန်တီးမှု၊ ဥပဒေဖောက်ဖျက်ဆန့်ကျင်မှု၊ မြန်မာနိုင်ငံထူထောင်ရေးလုပ်ငန်းမှန်သမျှ ပျက်ပြားစေရန်အတွက် ပြည်ပနိုင်ငံကြီးအချို့က စီးပွားရေးပိတ်ဆို့အရေးယူလာအောင် ကြိုးပမ်းလုပ်ဆောင်မှု၊ လူသားချင်းစာနာတဲ့ အကူအညီကိုပင် ဖြတ်တောက်အောင်ကြိုးပမ်းမှု၊ ပြည်ပအကူအညီများကို ပိတ်ပင်ဟန့်တားမှု၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လိုသော ခရီးသွားများမလာရောက်အောင်တားမြစ်မှု၊ မြန်မာပြည်တွင်းသို့ လာရောက်လည်ပတ်လိုတဲ့ နိုင်ငံတကာလေ့လာရေးအဖွဲ့များကိုတားမြစ်မှု၊ မြန်မာနိုင်ငံကို နိုင်ငံတကာအလယ်တွင် ဂုဏ်ပျက်အောင်ဖန်တီးမှု၊ အနောက်သြဇာခံမလုပ်တဲ့ မြန်မာအစိုးရအပေါ် ကုလသမဂ္ဂနဲ့ ပြည်ပနိုင်ငံကြီးအချို့က နည်းမျိုးစုံအကျပ်ကိုင်လာအောင် သွေးထိုးဆောင်ရွက်မှု၊ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ချမှတ်အကောင်အထည်ဖော်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင်နည်းမျိုးစုံဖြင့်ကြိုးပမ်းမှု၊ အမျိုးသားညီလာခံကြီး ပျက်ပြားအောင်သွေးခွဲလှုံ့ဆော်မှု၊ ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲအောင်၊ အချုပ်အခြာအာဏာကိုထိပါးအောင်ဖန်တီးမှုစတဲ့ ပျက်စီးရာပျက်စီးကြောင်း လုပ်ရပ်များကိုသာ လုပ်ဆောင်လာခဲ့ကြပါတယ်။ဒါတွေဟာ ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးရဲ့ အဖျက်ပိုင်းဖြစ်ပါတယ်။ Vandalism လို့ခေါ်တဲ့ တိုးတက်သောအရာမှန်သမျှကို ဖျက်ဆီးပစ်တဲ့ ဖောက်ပြန်သော ခေတ်ဟောင်းအမှောင်ဝါဒသာဖြစ်ပါတယ်။

ကျူးဘားနိုင်ငံကို အမေရိကန်က ရာစုနှစ်တစ်ဝက်နီးပါး အစီအမံရှိရှိနဲ့ စီးပွားရေးပိတ်ဆို့အရေးယူထားတာ အားလုံးအသိပါပဲ။ ဒါပေမယ့် ကျူးဘားနိုင်ငံမှာ နိုင်ငံတကာက ကုမ္ပဏီပေါင်းလေးထောင်ကျော် ဖွင့်လှစ်လုပ်ကိုင်နေတယ်လို့ဆိုပါတယ်။

အခုလို အမေရိကန်တို့ ကျူးဘားနိုင်ငံအပေါ် နှစ်ရှည်ကြာစွာ စီးပွားရေးပိတ်ဆို့လာခဲ့သော်လဲ ကျူးဘားနိုင်ငံမှာ အနောက်တိုင်းဒီမိုကရေစီ မထွန်းကားနိုင်ပါ။ စီးပွားရေးပိတ်ဆို့မှုဟာ ဒီမိုကရေစီထွန်းကားရေးအတွက် တွန်းအားမဟုတ်။ အပြစ်မဲ့ပြည်သူတွေ အကျိုးပျက်ဒုက္ခရောက်အောင် ဖန်တီးမှုသာဖြစ်တယ်။ ပြည်သူတွေအပေါ် စီးပွားရေးအကြမ်းဖက်တဲ့ စာနာထောက်ထားမှုကင်းမဲ့သော တစ်ကိုယ်ကောင်းလုပ်ရပ်လဲ ဖြစ်ပါတယ်။

မကြာသေးခင်က အမေရိကန်နဲ့အပေါင်းပါတွေ စစ်ရေးအရကျူးကျော်သိမ်းပိုက်ထားတဲ့ အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံတွေမှာလဲ အမေရိကန်နဲ့ အနောက်ဒီမိုကရေစီစံတွေကို ကျင့်သုံးလို့မရနိုင်ဘူးဆိုတာ မျက်မှောက်ဖြစ်ရပ်များက အထင်အရှား သက်သေပြနေပါတယ်။

ဒီကနေ့လို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါနိုင်ငံတွေ ကျင့်သုံးနေတဲ့ စီးပွားရေးဆုတ်ယုတ်ကျဆင်းအောင်လုပ်မှု(စီးပွားရေးပိတ်ဆို့မှု) ဒီမိုကရေစီထွန်းကားမယ်ဆိုတဲ့မူဝါဒကို နိုင်ငံတကာသမိုင်းဖြစ်စဉ်က လက်မခံပါ။ လူ့သမိုင်းဖြစ်ပေါ်တိုးတက်ရေးတရားကလဲ လက်မခံပါ။ ဒါဟာကမ္ဘာ့နိုင်ငံအသီးသီးရဲ့ သမိုင်းကြောင်းဖြစ်စဉ်တွေ ထပ်တူထပ်မျှမတူညီကြလို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် **နိုင်ငံတစ်နိုင်ငံဟာ အခြားနိုင်ငံတစ်နိုင်ငံရဲ့ဖြစ်စဉ်ကို ပုံတူကူးချလို့မရနိုင်တာဖြစ်ပါတယ်။ နိုင်ငံအသီးသီးဟာ မိမိတို့ရောက်ရှိနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်ဖြစ်ပေါ်မှုလမ်းကြောင်းမှန်ပေါ်မှာ လျှောက်လှမ်းနိုင်မှသာ ဒီမိုကရေစီနိုင်ငံတစ်ရပ်ကို ထူထောင်နိုင်မှာဖြစ်ပါတယ်။**

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကြောင်းရင်းဟာကုန်ထုတ်ကုန်သွယ်မှုအပေါ်မှာ တည်တယ်လို့ လူမှုသိပ္ပံပညာရှင်များက ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ လူ့သမိုင်းတွင်(Social Division of Labour)လူမှုအလုပ်ခွဲဝေမှု ပေါ်ပေါက်လာချိန်ကစပြီး ကုန်ထုတ်ကုန်သွယ်မှုစတင်ထွန်းကားတိုးတက်လာလို့ဖြစ်တယ်။ လူတွေဟာ ကျွမ်းကျင်ရာလိမ္မာ လုပ်ကိုင်စားသောက်လာရာကစပြီး ကုန်ထုတ်လုပ်မှု၊ ကုန်ဖလှယ်မှုတွေစတင်ထွန်းကားလာခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် လူ့အဖွဲ့အစည်းအတွင်း အလုပ်ခွဲဝေလုပ်ကိုင်မှုဟာ လူ့လုပ်အားကို အနန္တကုန်ထုတ်စွမ်းအားတွေ အပ်နှင်းထားပြီး အသိဉာဏ်အတွေ့အကြုံဘဏ္ဍာတိုက်ကို အဆက်မပြတ် အသစ်အသစ်တွေနဲ့ ဖြည့်ဆည်းကြွယ်ဝလာစေတယ်။ အလုပ်ခွဲဝေမှု ကျယ်ပြန့်လာလေ လူ့ရဲ့အသိအလိမ္မာဆင်ခြင်တုံတရားနဲ့အတွေ့အကြုံဗဟုသုတတွေလဲ ရင့်ကျက်မြင့်မားလာလေဖြစ်တယ်။ ဒီအခါ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေလဲ ထွန်းကားဝေဆာလာလေ့ရှိတယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။

ဒီတရားတွေကို ဖောက်ဖျက်ကျူးလွန်ပြီး **မြန်မာနိုင်ငံတွင် တပ်မတော်အစိုးရဆင်နွှဲနေတဲ့ ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးအပေါ် ပျက်စီးရာပျက်စီးကြောင်း ပိတ်ဆို့အရေးယူမှုများဟာ မြန်မာပြည်သူတွေကို ဒီမိုကရေစီနဲ့ပိုမိုအလှမ်းဝေးစေတဲ့ ဒုက္ခတွင်းသို့တွန်းပို့နေခြင်းသာဖြစ်ပါတယ်။ အဲဒီလို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေရဲ့ ပိတ်ဆို့အရေးယူမှုများအပေါ် ဝမ်းသာအားရ အားပေးထောက်ခံနေတဲ့ အစိုးရဆန့်ကျင်ရေး ပြည်တွင်းပြည်ပ အဆိုးမြင်ဝါဒီများဟာလဲ ဒီမိုကရေစီရေးအဖျက်သမားများသာ ဖြစ်ပါတယ်။** ဒါကြောင့် မြန်မာ့ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးရဲ့ အဖျက်အန္တရာယ်တွေကို တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာ တားဆီးတိုက်ဖျက်သွားဖို့ဖြစ်တယ်ဆိုတာကို အထူးတလည်တင်ပြအပ်ပါတယ်။ ။

အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစား၊ အလယ်အလတ်လူတန်းစားနဲ့ ပညာရှင်များပေါ်ထွန်းရေး၊ အမျိုး ဘာသာ သာသနာ ဖွံ့ဖြိုးစည်ပင်ရေး စတာတွေကို စဉ်ဆက်မပြတ် မနေမနားကြိုးပမ်းလာခဲ့ပါတယ်။ ဒီကြိုးပမ်းမှုရဲ့ အကျိုးထူးများအဖြစ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေဟာ ဘယ်ခေတ် ဘယ်အခါနဲ့မှ မတူအောင် ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။

## ပျဉ်းမနားမြို့ အထက (၂) ရွှေရတုသဘင်နှင့်အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

ပျဉ်းမနားမြို့ အမှတ်(၂)အထက နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက်နှင့်၂၆ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၅ရက်တွင် ပင့်သံဃာအပါး ၅၀တို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး မန္တလေးမြို့မတေးဂီတအဖွဲ့နှင့်ရွှေရတုသဘင်အခမ်းအနားကို ဖွင့်လှစ်မည်ဖြစ်သည်။

ဒီဇင်ဘာ ၂၆ရက်တွင် အထက(၂)မှ အငြိမ်းစားယူသွားကြသော အသက် ၆၀ပြည့် ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများ၊ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများက အာစရိယပူဇော်ကြမည်ဖြစ်ပြီး ညပိုင်းတွင် မန္တလေးမြို့မတေးဂီတအဖွဲ့နှင့်တွဲဖက်ကာ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေကြမည် ဖြစ်သည်။ ပါဝင်လှူဒါန်းလိုပါက ဦးကျော်ဝင်း ဘာဏုရာဇာကွန်ပျူတာ ပုံနှိပ်တိုက် ဖုန်း-၀၆၇-၂၁၁၀၆၊ ဦးမြင့်ထွန်း ဖုန်း-၀၆၇-၂၁၀၀၉နှင့်ဒေါ်ခင်လွင်မြင့် ဖုန်း-၀၆၇-၂၂၅၃၃၊ ၀၆၇-၂၂၅၂၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

## မူလမြသိန်းတန်စေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဒီဇင်ဘာ ၃

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် ဇီးကုန်းမြို့ မြို့လယ်မူလမြသိန်းတန်(မြသိန်းရံ)စေတီတော်၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်(၂၁)ကြိမ်မြောက်လှည့်လည်အပူဇော်ခံပွဲတော်ကို မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၏ ကြီးကြပ်မှုဖြင့် ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်မှ နတ်တော်လဆန်း ၂ရက် (ဒီဇင်ဘာ ၄ရက်မှ ၁၃ ရက်) အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

(က-ပ)



ဒီဇင်ဘာ ၃ရက်က ထိုင်းဘုရင့်မွေးနေ့ညှော်ခံပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နှင့် ဇနီးတက်ရောက်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Suphot Dhirakaosal နှင့် ဇနီးတို့က ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံများမှ ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❀ *ကျောဖုံးမှ*

ကြီးမှူးကျင်းပသော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့ပါဝင်သည့် ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး ကုန်စည်ပြပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## ဖွင့်ပွဲအခမ်းအနားတက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ Secretary of State, Mr. Kuoeh Ky၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Soulivong Dara-vong၊ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Watana Muangsook၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် သံရုံး ယာယီတာဝန်ခံများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြပွဲကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အသင်းချုပ်အောက်ရှိ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံငါးနိုင်ငံတို့မှ ကုန်ပစ္စည်းခင်းကျင်းပြသမည့် လုပ်ငန်းရှင်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာနှင့် ရောင်စုံအလံ အကအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၈နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ပြပွဲကျင်းပရေး ဗဟိုကော်မတီများက ကြိုဆိုကြသည်။

## ရင်းနှီးစွာနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် သံရုံးယာယီ တာဝန်ခံများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို မြန်မာကွန်ဗင်းရှင်း စင်တာ အဆောက်အအုံရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံ ခန်းမ မြေညီထပ်အတွင်း ခင်းကျင်းပြသထားသော နိုင်ငံအလိုက်ပြခန်းများ၊ ပထမထပ်ရှိ မြန်မာ့ပုလဲနှင့် ကျောက်မျက်ရတနာ ပြခန်းနှင့် ထိုင်းနိုင်ငံမှ ပိုးထည်အရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆွေးနွေးပွဲလုပ်ငန်းကော်မတီ၏ ဆွေးနွေးပွဲခန်းမ (Seminar Room )အတွင်းခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသထားသော ဝန်ကြီးဌာနပြခန်းများ၊ သမဝါယမအသင်းပြခန်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပြခန်းများကို လှည့်လည်ကြည့်ရှု၍ မြန်မာကွန်ဗင်းရှင်းစင်တာမှ ပြန်လည်ထွက်ခွာသွားကြသည်။

## ရင်းနှီးမြှုပ်နှံမှုလွယ်ကူစေရေး

ယင်းနောက် မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားရာ၌ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာဆိုင်ရာ အကြံဉာဏ်သည် အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံ၏ အလားအလာကောင်းများနှင့် အရင်းအမြစ်တို့ကို ပေါင်းစုခြင်းဖြင့် ဒေသတွင်းကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် အကောင်းဆုံးအကြံဉာဏ်များအနက် တစ်ခုဖြစ်ကြောင်း။

ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့ငါးနိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ဖွံ့ဖြိုးတိုးတက်စေသည်သာမက နိုင်ငံအချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကိုပါ ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း။

ငါးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစီအစဉ်အောက်တွင် အဓိကပူးပေါင်း ဆောင်ရွက်ရန် ကဏ္ဍကြီးငါးရပ်ဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ လယ်ယာနှင့် စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်သွယ်ရေး လမ်းကြောင်းများ ချောမွေ့စေရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ပါဝင်ကြောင်း။

## အရေးပါသောကဏ္ဍဖြစ်

အဆိုပါ ဦးစားပေး ကဏ္ဍများအနက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူ ချောမွေ့စေရေးကဏ္ဍသည် မိမိတို့နိုင်ငံများ၏ ယှဉ်ပြိုင်မှု အားသာချက်များ ထွန်းကားလာစေရေး၊ ကုန်စည်နှင့် ရင်းနှီးမြှုပ်နှံမှုတို့ လွယ်ကူစွာ စီးဆင်းဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင်သစ်များ ပေါ်ထွန်းလာရေး၊ဝင်ငွေလည်ပတ်မှု ကောင်းမွန်စေရေးနှင့် လူမှုစီးပွားရေး ပြဿနာရပ်များကို လျှော့ချနိုင်ရေး စသည်တို့အတွက် အရေးပါသောကဏ္ဍရပ်တစ်ခုဖြစ်ကြောင်း၊ မိမိတို့အားလုံး သတိပြုမိသည့်အတိုင်း ကုန်စည်ပြပွဲများ ကျင်းပခြင်းသည် ကုန်သွယ်ရေး တိုးတက်မှုနှင့် လွယ်ကူချောမွေ့စေမှုတို့အတွက် အထိရောက်ဆုံး လက်နက်တစ်ခုဖြစ်ကြောင်း၊ ယခု ငါးနိုင်ငံ ကုန်စည်ပြပွဲသည် ဤဒေသခွဲအတွင်းရှိ မိမိတို့နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်တစ်ခုသာမက မိမိတို့နိုင်ငံများ၏ ကုန်သွယ်မှုလမ်းကြောင်းကိုလည်း တွန်းအားပေးမည့် ပွဲတစ်ပွဲဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသခွဲအတွက် အလွန်အရေးပါသော ဤကုန်စည်ပြပွဲကို လက်ခံကျင်းပခွင့်ရသဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်း။

## ရင်းနှီးချစ်ခင်မှုပိုမိုခိုင်မာ

ဤပြပွဲ၏ ရည်ရွယ်ချက်များ အနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရန်၊ ပို့ကုန်ဆိုင်ရာ ဈေးကွက်ရရှိနိုင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို မြှင့်တင်ရန်နှင့် ECSနိုင်ငံများအကြား ရှိရင်းစွဲ ရင်းနှီးချစ်ခင်မှုကို ပိုမို ခိုင်မာစေရန်တို့ဖြစ်ကြောင်း။

ယခု ကုန်စည်ပြပွဲကာလအတွင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ECS နိုင်ငံများ၏ ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဖိုရမ်တစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါဖိုရမ်တွင် စာတမ်းများဖတ်ကြားခြင်း၊ အပြန်အလှန်ညှိနှိုင်း ဆွေးနွေးခြင်းတို့အပြင် စီးပွားရေးလုပ်ငန်း တွဲဖက်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဤကုန်စည်ပြပွဲသည် ECSနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ပုဂ္ဂိုလ်များအချင်းချင်း တွေ့ဆုံလျက် ဤဒေသအတွင်းနေထိုင်သော ပြည်သူပြည်သားများနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် **'ငါးနိုင်ငံအကျိုးရှေးရှုသယ်ပိုး'** ခြင်းဆိုင်ရာ မဟာဗျူဟာအတွက် စီမံချက်ချမှတ်ရေးတို့အတွက် အကြံဉာဏ်များ ဖလှယ်နိုင်မည့် အခွင့်အလမ်းကောင်းများကို ရရှိစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ Secretary of State, Mr.Kuoch Ky၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Soulivong Daravong၊ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Watana Muangsookနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khan တို့က အမှာစကား ပြောကြားကြသည်။

## လက်ဆောင်ပေးအပ်

ထို့နောက် ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ ပြပွဲ အထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ် သီချင်းနှင့် အကပဒေသာများဖြင့် ဧည့်ခံ ဖျော်ဖြေခြင်း အစီအစဉ်အဖြစ် ငါးနိုင်ငံ ကုန်စည်ပြပွဲ သီချင်းကို တေးသံရှင် ရတနာဦးက သီဆိုပြီး သရုပ်ဆောင် ပပဝင်းခင်က တေးသရုပ်ဆောင်၍လည်းကောင်း၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များက နိုင်ငံ အလိုက် အမျိုးသားယဉ်ကျေးမှု အကပဒေသာများဖြင့်လည်းကောင်း သီဆိုသရုပ်ဆောင်ကပြ ဖျော်ဖြေဧည့်ခံကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် *စာမျက်နှာ ၁၂ သို့*






ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

4-12 (11).p65 11 3/24/05, 9:55 PM

# (၈၄)နှစ်မြောက် အမျိုးသားနေ့

၁၃၆၆ ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
(၆-၁၂-၂၀၀၄ရက်)

## (၈၄)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊
★ အမျိုးသားပညာရည်မြင့်မားရေး၊
★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

*စာမျက်နှာ ၁၁ မှ*

ညှော်သည်တော်များသည် ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄တွင် ခင်းကျင်းပြသထားသော ပြခန်းနှင့် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### အရောင်းပြခန်းများပြသထား

ယနေ့ဖွင့်လှစ်လိုက်သော ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲတွင် မြန်မာကွန်ဗင်းရှင်းစင်တာအဆောက်အအုံအတွင်း မြေညီထပ်၌ မြန်မာ့ရိုးရာ ဘုံပြာသာဒ်မုခ်ဦးနှင့် မြန်မာနိုင်ငံ၏ ပင်မပြခန်းတို့ကိုလည်းကောင်း၊ ကုန်စည်ပြပွဲ ဗဟိုစင်မြင့်တို့ကိုလည်းကောင်း၊ စင်မြင့်၏ဝဲယာတို့၌ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပင်မပြခန်းများနှင့် နိုင်ငံအလိုက် ကုမ္ပဏီလီမိတက်များ၏ အရောင်းပြခန်းများကိုလည်းကောင်း ဖွင့်လှစ်ပြသထားပြီး ခန်းမကြီးအပေါ်ထပ်၌ ပြပွဲဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီရုံးခန်းများ၊ မြန်မာ့ပုလဲနှင့် ကျောက်မျက်ရတနာ အရောင်းပြခန်းနှင့် ထိုင်းနိုင်ငံကုမ္ပဏီလီမိတက်များ၏အရောင်းပြခန်းများကိုဖွင့်လှစ်ပြသထားသည်။

ထို့အတူ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံပြင်ပဝင်းအတွင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနတို့၏ ပြခန်းများ၊ ထိုင်းနိုင်ငံမှ ကုမ္ပဏီလီမိတက်များ၏ အရောင်းပြခန်းများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ ကုမ္ပဏီလီမိတက်များ၏အရောင်းပြခန်းများ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ စက်မှုဇုန်အဖွဲ့များနှင့် ကုမ္ပဏီလီမိတက်များ၊ ကုန်ထုတ်လုပ်ငန်းများ၏ အရောင်းပြခန်းများ၊ တိုင်းရင်းဆေးဝါးလုပ်ငန်းများ၊တူရိယာပစ္စည်းလုပ်ငန်းများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ပန်းချီကားလုပ်ငန်းများ၊ ရိုးရာရက်ကန်းလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းနှင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများမှအရောင်းပြခန်းများ၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်း ကုန်သည်များအသင်းတို့၏ အရောင်းပြခန်းများ စုစုပေါင်း ၁၃၅ ခန်းကို ဖွင့်လှစ်ပြသရောင်းချလျက်ရှိသည်။

### ဆွေးနွေးပွဲများပြုလုပ်မည်

ဒီဇင်ဘာ၃ ရက်၊ ၄ ရက်နှင့် ၅ရက်တို့တွင် မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံပထမထပ်ရှိဆွေးနွေးပွဲခန်းမ၌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က အခြားနိုင်ငံများမှ ကုန်သည်ကြီးအသင်းများနှင့် ညှိနှိုင်းပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ငါးနိုင်ငံကုန်စည်ပြပွဲသို့ လာရောက်ကြည့်ရှု လေ့လာကြမည့် ပြည်သူများအား ဖျော်ဖြေရေး အစီအစဉ်များဖြင့် နေ့စဉ် ဖျော်ဖြေတင်ဆက်မည်ဖြစ်သကဲ့သို့ ကုန်စည်ပြပွဲလာပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၊ သန်မြန်သူယာဉ်လိုင်းနှင့် အနောက်ပိုင်းခရိုင်ယာဉ်လိုင်းများမှ မော်တော်ယာဉ်များ အထူးအစီအစဉ်အဖြစ် ပြေးဆွဲပေးလျက်ရှိပြီး အငှားယာဉ်စခန်းတစ်ခုကိုလည်း ဖွင့်လှစ်ထားရှိသည်။

အဆိုပါ ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ကို ဒီဇင်ဘာ ၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ သွားလာမှုလွယ်ကူစေရေးစီစဉ်

**ရန်ကုန် ဒီဇင်ဘာ ၃**

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဒီဇင်ဘာ ၃ရက်မှ ၇ရက်အထိ ကျင်းပလျက်ရှိရာ ပြပွဲသို့လာရောက်လေ့လာကြည့်ရှုကြမည့် ပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူစေရေးအတွက် ယာဉ်လိုင်းအမှတ်(၇၉)၊ (၅၁)တို့သည် ပြည်လမ်းမှလည်းကောင်း၊ ယာဉ်လိုင်းအမှတ်(၁၀၂)၊ (၁၀၃)၊(၉၆)၊ (၁၆၈)၊ (၂၂၄)တို့သည် ကျိုက်ဝိုင်းဘုရားလမ်းမှလည်းကောင်း ပြပွဲကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ဒီဇင်ဘာ ၈ရက်အထိ နေ့စဉ် နံနက် ၇နာရီမှ ညနေ ၄နာရီအတွင်း ဝင်ရောက်ပြေးဆွဲပေးလျက်ရှိသည်။

ထို့ပြင် ကုန်စည်ပြပွဲသို့ ပြည်တွင်း၊ပြည်ပမှ တက်ရောက်ကြသူများပြပွဲကျင်းပစဉ်ကာလအတွင်း သွားလာမှုလွယ်ကူစေရေးအတွက် အငှားယာဉ်စခန်းကိုလည်း ဖွင့်လှစ်ထားသည်။ **(သတင်းစဉ်)**

## ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၁၆)ထုတ်ဝေဖြန့်ချိ



**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနကထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိထားသည်။

အဆိုပါဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်များမှ ကိုယ်စားလှယ်များနှင့် ထူးချွန်မောင်မယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ ဓာတ်ပုံမောင်မောင်၊ မကွေးဖန်ခါး၊ ဇော်ဝင်းမောင်၊ ငြိမ်းမင်းစံ(မဟာအောင်မြေ)၊ တက္ကသိုလ်သခ်၊ မရွှေချစ်(လယ်ကိုင်း)၊ စိမ်းမြရည်(ပြန်/ဆက်)၊ ဦးတင်ရှိန်၊ ဖြူမာသန့်တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ မင်းကြော့ရှိန်၏ ကဗျာ၊ နိုင်ငံတကာဟာသများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိကြောင်း သိရသည်။ **(က-ပ)**

## ကုန်သွယ်ဆက်ဆံငါးနိုင်ငံ

**ရေး၊ ဂီတစာဆို ဟသ်ာတမြင့်ငွေ**
**ဆို၊ မို့မို့ဇော်ဝင်း**
**သရုပ်ဆောင်၊ ရတနာခင်**

* ပထမအကြိမ်ငါးနိုင်ငံကုန်စည်ပြပွဲကြီးဖြစ်ပါသည်
ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်
ကုန်သွယ်ဖက်နိုင်ငံများချင်း ရင်းနှီးချစ်ကြည်
အာဆီယံအဖွဲ့ဝင်နိုင်ငံ မြန်မာပြည်မှာ
ဒေသဆိုင်ရာ ပူးပေါင်းမှုအထောက်အကူပြုမယ့်
မဟာဗျူဟာရှေ့လုပ်ငန်းစဉ်များကို
အမြင်ချင်းဖလှယ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မည်
ခိုင်မာတဲ့ဆုံးဖြတ်ချက်များအကောင်အထည်ဖော်ရန်
ငါးနိုင်ငံကုန်စည်ပြပွဲကြီးကို ဧည့်ဝတ်ကျေပွန်စွာ
ရင်းနှီးခင်မင်စွာကျင်းပပေးတဲ့ မြန်မာပြည်
ကုန်သွယ်ဆက်ဆံ ငါးနိုင်ငံ...
အပြန်အလှန်စီးပွား အကျိုးများစေနိုင်သည်...

* အာဆီယံပူးပေါင်းဆောင်ရွက်မှုအောင်ရမည်
ကုန်သွယ်စီးပွားကြီးပွားတိုးတက်မည်
ငါးနိုင်ငံကြားကုန်သွယ်မှုမြှင့်တင်ရန်...
ပို့ကုန်များလည်းဈေးကွက်ရရှိရန်...
ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်
ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရန်...
ငါးနိုင်ငံအကျိုးရှေးရှုသယ်ပိုးမည်
မိတ်ဆွေနိုင်ငံများလည်း လေ့လာနိုင်သည်
အဆွေတော်တို့လာဖို့ဖိတ်ခေါ်သည်
နွေးထွေးပျူငှာစွာကြိုဆိုပါမည်...
မြန်မာ့အလှတွေလည်း ခံစားရမည်
ငါးနိုင်ငံကုန်စည်ပြပွဲကြီးသည်
ကုန်သွယ်ဆက်ဆံ ငါးနိုင်ငံ...
အပြန်အလှန်စီးပွား အကျိုးများစေနိုင်သည်...

**'ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ ဂုဏ်ပြုသီချင်း'**
၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃ရက် မှ ၇ရက်
မြန်မာကွန်ဗင်းရှင်းစင်တာ၊ ရန်ကုန်မြို့။

## ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်များထုတ်ဝေမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အထိမ်းအမှတ် ငါးကျပ်တန်နှင့် ၃၀ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် နှစ်မျိုးကို ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဆက်သွယ်ရေး စခန်း(စာတိုက်)များ၌ ဒီဇင်ဘာ၉ရက် (ကြာသပတေးနေ့) နံနက်၉နာရီခွဲတွင် စတင်ထုတ်ဝေရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ် အနေဖြင့် ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့၌ဒီဇင်ဘာ ၉ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

**ဒီဇင်ဘာ ၂ရက်မှ ၅ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အပြည်ပြည်ဆိုင်ရာ ရေကူးအဖွဲ့ချုပ်က ဖွင့်လှစ်သည့် ဒိုင်ဗင်နည်းပြသင်တန်းနှင့်ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ဦးမြင့်လွင် (တွဲဖက် အတွင်းရေးမှူး)နှင့် ဦးသက်ဝင်း(နည်းပြချုပ်၊ ဒိုင်ဗင်) တို့ ဒီဇင်ဘာ ၁ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (က-ပ)



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒွါဒသမစည်းဝေး သာသနာရေးဝန်ကြီးသာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန် ဒီဇင်ဘာ ၃

**ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒွါဒသမ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဇမ္ဗူဒီပကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာကယအဖွဲ့ဝင် ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။**

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

## ဩဝါဒကထာမြွက်ကြား

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် ဩဝါဒကထာမြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏စတုတ္ထအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရက တင်သွင်းလျှောက်ထားပြီး အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြကာ နံနက်ပိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းအစည်းအဝေးကိုပြန်လည်ကျင်းပရာ ပြည်နယ်နှင့်တိုင်းများမှ ဆရာတော်များ၏ သာသနာရေးဆိုင်ရာ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ကြပြီး ပထမနေ့အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေး၏ နေ့ဆွမ်းအလှူရှင်မှာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၇လမ်း အမှတ် ၄၉ နေ ဦးတင်စိန်-ဒေါ်ကျင်သိန်း မိသားစုတို့ဖြစ်သည်။

**(သတင်းစဉ်)**

## သာသနာရေးဆိုင်ရာများလျှောက်ထား

ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေးပထမနေ့ကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)





## ကြည့်ရှုအားပေး

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စာအုပ်ဈေးပွဲတော် အရောင်းဆိုင်ခန်းများကို ကြည့်ရှုအားပေးစဉ်။ (မြန်မာ့အလင်း)**



# စာဆိုတော်နေ့အထိမ်းအမှတ်စာအုပ်ဈေးပွဲတော် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၃

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူးကျင်းပသော ၁၃၆၆ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးပေါ်ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဖွင့်လှစ်ပေးသည်။**

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ စာပေပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)တို့က စာအုပ်ဈေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်သည်တော်များသည် ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနအတွင်းရှိ စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြရာ စာအုပ်ဈေးပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်း (မြင့်သိန်းအောင်)က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ စာအုပ်ဈေးပွဲတော်တွင် စာပေတိုက် ၄၈ တိုက်က ဆိုင်ခန်းပေါင်း ၇၆ ခန်းတွင် သုတ၊ရသစာအုပ်မျိုးစုံတို့ကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

## ကြည့်ရှုလေ့လာဝယ်ယူနိုင်

ယင်းစာအုပ်ဈေးပွဲတော်ကို ဒီဇင်ဘာ ၉ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးလျက်ရှိရာ အများပြည်သူများလာရောက် ကြည့်ရှုလေ့လာ ဝယ်ယူနိုင်သည်။

ယနေ့ စတင်ကျင်းပသည့် စာအုပ်ဈေးပွဲတော်သို့ စာပေမြတ်နိုးသူ ရပ်နီးရပ်ဝေးမှ ရှင်လူ လေးထောင်ကျော်တို့ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြရာ စာအုပ်ရောင်းချငွေ စုစုပေါင်းမှာ ငွေကျပ်ဆယ့်နှစ်သိန်းခြောက်သောင်း လေးထောင့်သုံးရာဖြစ်သည်။ **(သတင်းစဉ်)**

## ပြည်ဂျီတီအိုင်စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃

ပြည်(G.T.I) စက်မှုလက်မှုသိပ္ပံကျောင်းသူ၊ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ပြည်လမ်း ၇မိုင်ခွဲ ကုန်းမြင့်သာစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးဌေးအောင် ဖုန်း-၀၉-၈၀-၂၁၃၇၁၊ ဦးတင်အေး ဖုန်း-၀၉-၅၀၀-၃၇၈၂၊ ဦးဝင်းတင်အောင် ဖုန်း-၀၉-၉၉-၂၇၉၀၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၆၄၂၅၄၂၊ ဦးအောင်မိုး ဖုန်း-၀၉-၈၀-၃၄၇၇၄ နှင့် ဦးလှထူး ဖုန်း-၀၉-၅၀-၂၀၂၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## စာချတန်းသင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃

နဝမအကြိမ်မြောက် စာချတန်းနှင့် ပါဠိဂုဏ်ထူးသင်တန်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်အထိ ဗဟန်းကြားတောရလမ်း ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်သည်။ ပါရာဇိကဏ်ကို မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိလည်းကောင်း၊ အဋ္ဌသာလိနီကို ညနေ ၃ နာရီမှ ၄ နာရီအထိလည်းကောင်း ဆိုရိုးစုံပြ ဓမ္မာစရိယကြေးမုံကျမ်းကို မူထား၍ ခေတ်မီသင်နည်းစနစ်ဖြင့် ကြံဆနည်း၊ဖြေဆိုနည်းရအောင် (န-ပ-သ၊ အဘိဓမ္မာမဟာဌာန တွဲဖက်ပါမောက္ခ သာသနာရေး ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်) ပါဠိဂုဏ်ထူး ဆရာကြီး ဦးအောင်ခိုင်က ပို့ချသင်ကြားမည်ဖြစ်သည်။ ပါဠိဂုဏ်ထူးကိုမူ သီးသန့် ပို့ချပေးမည်ဖြစ်သည်။

သင်တန်း တက်လိုသူများသည် ဗဟန်း ၃လမ်း၊ တိုက် ၃၁ အခန်း (ဘီ-၂)၌ စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**မီးဘေးအန္တရာယ် အစဉ်သတိပြု ကာကွယ်**

## စနေနေ့တိုင်းလှုပ်ရှား လူထုအားကစား



**၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလ**
**ဒီဇင်ဘာလ (၄)၊ (၁၁)၊ (၁၈) နှင့် (၂၅) ရက်**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၉)နှစ်ထက်မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၁-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ ရယူပြီး ၇-၁-၂၀၀၅ ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း) နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **သင်္ချာ** ။ မွန်းလွဲ (၁) နာရီ မှ (၃) နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **တောင်ကြီးမြို့**တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေး ခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်း စစ်စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် (၁-၂-၂၀၀၅) မှ (၄-၂-၂၀၀၅) ရက်နေ့များအတွင်းမေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀ိ/-)၊ ဒုတိယနှစ်(၅၀၀၀ိ/-)ရရှိမည်။ သင်တန်း အောင်မြင် ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့် စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည် များ **အဆင့်အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များ သို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ် ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့် အခါလျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင် ရမည်။



# အမရပူရမြို့နယ် မယ်တော်စုကျေးရွာအမကကျောင်း ဆောက်လုပ်ဆဲကျောင်းဆောင်သစ်အတွက် ငွေလှူဒါန်း

**မြစ်ငယ် နိုဝင်ဘာ ၃၀**

ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အမရပူရမြို့နယ် မယ်တော်စုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၏ ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ် အတွက် အလှူငွေကျပ် နှစ်သိန်းပေး အပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းစာသင်ခန်းမတွင် ကျင်းပသည်။



ရှေးဦးစွာ မန္တလေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုကိုလေးက အလှူငွေပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အသင်း အတွင်းရေးမှူး ဦးကိုကိုလေးက အလှူငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်ခိုင်သို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** (၂၀၉)

# ကျေးရွာပြည်သူများ စိတ်ချမ်းမြေ့စွာနေနိုင်ရေး ကျေးလက်အိမ်ရာများ မအူပင်၌ဆောက်လုပ်

**မအူပင် နိုဝင်ဘာ ၃၀**

မအူပင်မြို့နယ်တွင် ကျေးလက်အိမ်ရာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မလက်တို စံပြကျေးရွာ မအူပင်-တွံတေး ကားလမ်းဘေးတွင်ကျေးလက်အိမ်ရာ ခြောက်လုံး ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။

**ကြီးကြပ်ဆောင်ရွက်**

ကျေးရွာနေ ပြည်သူများ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုကို မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်ဦး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်ဦးနှင့် မလက်တို ကျေးရွာ ဥက္ကဋ္ဌ ဦးအောင်နိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြို့နယ်စည်ပင်)**

**ပဲခူးတိုင်း ရွှေကျင်မြို့ ရှမ်းကြေးရပ်ကွက်ရှိ စက်ရေတွင်း ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများကို နိုဝင်ဘာ ၃ရက်က ပဲခူးတိုင်း (အရှေ့)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်ပြန်/ဆက်)

# ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်



## သုံးခွမြို့နယ်ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

**သုံးခွ နိုဝင်ဘာ ၃၀**

သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မဂ္ဂဇင်းစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ရက်က သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေသို့ အငြိမ်းစားညွှန်ကြားရေးမှူး ဦးထွန်းရှိန် (စာရေးဆရာ သန်းဝင်းရှိန်)က သုတ၊ ရသမဂ္ဂဇင်းစာအုပ်မျိုးစုံ ၁၄၀ကို ပေးအပ် လှူဒါန်းသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



# ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## အထွက်ကောင်း ချည်မျှင်ရှည်ဝါခြောက်မျိုး စိုက်ပျိုးဖြစ်ထွန်းအောင်မြင် အသီးများပြီး ကြီးသော အမ်စီယူ(၉)ဝါမျိုး ဝယ်သူများစိတ်ဝင်စား

**ရွှေဘို နိုဝင်ဘာ ၁၈**

**ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်သည် ရွှေဘိုမြို့နယ် တအုံကျေးရွာ ကွင်းအမှတ်-၂၇၆၇ ဦးပိုင်အမှတ် (၃၂) တောင်သူဦးကျော်စိုး၏ ယာမြေတွင်စိုက်ပျိုးထားသော အထွက်ကောင်း ချည်မျှင်ရှည်ဝါမျိုးခြောက်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်ကို ကွင်းဆင်းကြည့်ရှုရာ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း ခရိုင်မန်နေဂျာဦးအောင်မောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ် မန်နေဂျာနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က တစ်မျိုးစီ၏ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို လိုက်လံရှင်းလင်းပြသသည်။**

ဒေသခံ တောင်သူများအနေဖြင့် ဝါအထွက်ကောင်းမျိုးခြောက်မျိုးမှ အသီးများပြီး သီးလုံးကြီးသော အမ်စီယူ (၉)ဝါမျိုးကို ပိုမိုစိတ်ဝင်စားမှုရှိကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ ကွင်းအမှတ်-၂၇၆၆ ဦးပိုင်အမှတ်(၇၆/၂) တောင်သူဒေါ်ဟန်တင်၏ ယာမြေတွင်စိုက်ပျိုးထားသော မက်ဂျစ်-၁ ဝါမျိုးသစ်စိုက်ခင်းကို ကြည့်ရှုခဲ့ရာဒေသခံ တောင်သူများအနေဖြင့် အပင်ကြီးသမျှ အသီးများသည့်အပြင် ပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်းတို့ကြောင့် စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**နိုဝင်ဘာ ၂၁ရက်က လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးကိုကိုတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



## မိတ္ထီလာ အောင်မင်္ဂလာအလင်းရောင် ကျေးရွာစာကြည့်တိုက်ဖွင့်

**မိတ္ထီလာ နိုဝင်ဘာ ၁၄**

မိတ္ထီလာမြို့နယ်ဆည်ကုန်းကျေးရွာအုပ်စု၊ ချုံစွန်းကျေးရွာ အောင်မင်္ဂလာ အလင်းရောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀နာရီခွဲက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းယာယီ အတွင်းရေးမှူး ဦးကျော်စိန်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးယဉ်မောင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဖိုးငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ အောင်မင်္ဂလာစာကြည့်တိုက်ကို မိတ္ထီလာမြို့ အောင်မင်္ဂလာ အထည်စက်ပိုင်ရှင် ဦးဘလှိုင်-ဒေါ်ဒေါ်အေး မိသားစုတို့က စာကြည့်တိုက်သုံး ပရိဘောဂများ အပါအဝင် ငွေကျပ် ၁၀သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် သုတ၊ ရသ မဂ္ဂဇင်းနှင့် ဂျာနယ်စာအုပ်မျိုးစုံ ၆၀၃ အုပ်ကို ခရိုင်ဦးစီးအရာရှိက လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဝင်များက လက်ခံရယူကြသည်။

**(ခရိုင် ပြန်/ဆက်)**





မော်လမြိုင်ကျွန်းမြို့ မူလညောင်တုန်းကျောင်းတိုက်၏ စုပေါင်းဘုံကထိန်ပွဲတော်နှင့် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ကထိန်မတည်အလှူရှင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မဆုနှင်းထက်က မူလညောင်တုန်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုမင်္ဂလထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၀၉၇)

## လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

**လွိုင်လင် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းအမှတ်စဉ်(၃/၂၀၀၄)ဖွင့်ပွဲကို နိုဝင်ဘာ ၂၉ရက် နံနက်က လွိုင်လင်ခရိုင်ပြန်ကြားရေးနှင့် အသံလွှင့် ဦးစီးဌာနခန်းမတွင်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ငွေးတို့က တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လွိုင်လင်မြို့နှင့် လင်းခေးမြို့အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်း သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမြင့်မည်ဖြစ်သည်။ **(က-ပ)**



နိုဝင်ဘာ ၂၈ရက်က ခိုင်ရွှေဝင်းကုမ္ပဏီမှ ဦးတင်ရွှေ မိသားစုနှင့်ဦးလင်းအောင်-ဒေါ်ခင်အဖွဲ့တို့က ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်အား ရွှေစင်၊ရွှေပြားကပ်လှူရန် ကျပ် တစ်သိန်းငါးသောင်းကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ပလောက်မြို့ လှပရေး ကြည့်ရှုဆောင်ရွက်

**ပလောက် နိုဝင်ဘာ ၂၀**

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပလောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုများနှင့် ရုံးတည်ဆောက်မှုတို့ကို နိုဝင်ဘာ ၁၃ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်က ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(မြို့နယ်စည်ပင်)**

## ဒို့ကျေးရွာဂျာနယ် အပတ်စဉ်လှူဒါန်း

**တာချီလိတ် နိုဝင်ဘာ ၃၀**

၁၃၆၆ခုနှစ် မြန်မာနိုင်ငံ (စာဆိုတော်နေ့)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တာချီလိတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ထုတ်ဝေသော ဒို့ကျေးရွာ ဂျာနယ်အား အတွဲ(၁) အမှတ်(၂) မှစတင်၍ တာချီလိတ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများသို့ အပတ်စဉ် အခမဲ့ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(၄၂၀)**



## တိုယိုတာမီးငြိမ်းသတ်ယာဉ်ကို ဒီဇယ်အင်ဂျင် ပြောင်းလဲတပ်ဆင် မီးသတ်ကားစက်စွမ်းရည်များ မော်လမြိုင်၌ လက်တွေ့သရုပ်ပြသ

**မော်လမြိုင် နိုဝင်ဘာ ၂၅**

မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရှိအလှူရှင်များက လှူဒါန်းငွေကျပ် ၁၅၅၈၃၃၀ အကုန်အကျခံ၍ (စ/၈၂၇၀) တိုယိုတာမီးငြိမ်းသတ်ယာဉ်အား (အီးစီ-၁၀၀) ဒီဇယ်အင်ဂျင်သို့ ပြောင်းလဲတပ်ဆင်ပြီး ရေစုပ်၊ရေပက်လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ရက် နံနက် ၁၀နာရီက မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာန စစ်ရေးပြကွင်း၌ ကျင်းပသည်။

### လက်တွေ့သရုပ်ပြ

ဒီဇယ်အင်ဂျင်သို့ ပြောင်းလဲတပ်ဆင်ခြင်းနှင့် စပ်လျဉ်း၍ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ဆွေဝင်းက အသေးစိတ်ရှင်းလင်းပြောကြားပြီး မီးသတ်ကား၏ စက်စွမ်းရည်များကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၆၈)**

## အမြို့မြို့ အနယ်နယ် သတင်းများ

## ကွင်းဆင်းကြီးကြပ်

**နိုဝင်ဘာ ၇ရက်က ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ထူပါရုံလမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးမင်းလွင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



## မြို့တွင်းလမ်းများ စုပေါင်းသန့်ရှင်း

**ခေါင်လန်ဖူး နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းသန့်ရှင်း သာယာလှပရေး အတွက် အောက်တိုဘာ ၂၅ရက်က မြို့တွင်းလမ်းများပေါ်ရှိ အမှိုက်များ သိမ်းဆည်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ခြင်အောင်းနိုင်သော ရေဆိုးရေအိုင်များ မြေဖို့ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်း အဖွဲ့များက စုပေါင်းဆောင်ရွက်ကြသည်။

**(မြို့နယ် စည်ပင်)**



## ဆောင်ရွက်

**ပခုက္ကူမြို့ သန့်ရှင်းသာယာလှပရေးအတွက် အောက်တိုဘာ ၂၈ရက်က မြို့မလမ်း တစ်လျှောက် လမ်းလယ်ကျွန်းများရှိ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးမောင်မောင်ညွန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## ကလေးသူငယ်များ စာရိတ္တမြင့်မားရေးသင်တန်းပို့ချ

**ပျဉ်းမနား နိုဝင်ဘာ ၂၈**

ပျဉ်းမနားမြို့ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့၏ မြို့နယ်အတွင်းရှိ ကလေးသူငယ်များအား စိတ်ဓာတ်နှင့် စာရိတ္တမြင့်မားရေးသင်တန်းပို့ချပေးကြသော ဆရာ၊ဆရာမ ၄၀ တို့အား ဉာဏ်သစ်ပေါင်းလောင်းသင်တန်းကို နိုဝင်ဘာ ၂၇ရက်နှင့် ၂၈ရက်များက မဟာလယ်တီစံကျောင်းတွင် ကျင်းပရာ နာယကကြီး ဦးဝင်းစိန်၊ ဦးကျော်ရှင်း(သုတကျော်)၊ ဆရာမ ဒေါ်လှလှကြီးတို့က ထေရဝါဒဗုဒ္ဓသာသနာအဆုံးအမ အခြေပြု မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြင့် "အိပ်စ်" ရောဂါ ကာကွယ်တားဆီးရေးနှင့် စောင့်ရှောက်မှုအကြောင်း ပို့ချကြသည်။

ထို့နောက် ရန်ကုန်မြို့ ယူနီဆက်နှင့် ရတနာ့မေတ္တာအဖွဲ့တို့က နိုဝင်ဘာ ၁ရက်မှ ၅ရက်အထိ ကျင်းပခဲ့သော အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးနှင့် စောင့်ရှောက်ရေးအပေါ် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ ပါဝင်ဆောင်ရွက်မှု ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁)ကို တက်ရောက်ခဲ့ကြသော ဆရာမ ဒေါ်အုန်းမြင့်မေ၊ ဆရာမဒေါ်ခင်စန်းမေတို့က သင်တန်းအတွေ့အကြုံများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။ **(၁၀၁)**



## ကျေးလက်ကျောက်ချောလမ်း တိုင်းတာဆောင်ရွက်

မင်းပြားမြို့နယ် စည်ပင်သာယာ**ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ မင်းရွာ-ဗီးပင်ကြီး ကျေးလက် ကျောက်ချောလမ်း ခင်းရန်အတွက် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



ဒီဇင်ဘာ ၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ **Secretary of State, Mr. Kuoch Ky**၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး **H.E.Mr. Soulivong Daravong**၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး **H.E.Mr. Pham Quang Khon** နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ဗ)(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲဖွင့်ပွဲ တက်ရောက်ချီးမြှင့် ကုန်စည်ပြပွဲဆိုင်းဘုတ် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၃**

အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ငါးနိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်၊ ငါးနိုင်ငံ၏ပို့ကုန်ပစ္စည်းများ ဈေးကွက်ရရှိရန်၊ ငါးနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများမြှင့်တင်ရန်နှင့် ငါးနိုင်ငံအကြား ဆက်ဆံရေးပိုမိုတိုးမြှင့်ရန်ဟူသည့် ရည်ရွယ်ချက်များထားရှိကာ **'ငါးနိုင်ငံအကျိုး ရေးရှူသယ်ပိုး'** (Towards Prosperity of Five Nations)ဟူသော ဆောင်ပုဒ်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ်လက်ခံ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက **စာမျက်နှာ ၁၁ ကော်လံ ၁** ❁

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်နိုင်ငံခြားရေးဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေနှင့်အဖွဲ့အား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဧည့်သည် ဒုတိယဝန်ကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။

**ဆွေးနွေး**

တွေ့ဆုံပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**